# Highlights from DVB Debate’s Threats of Gang

# June 20, 2015

## “What’s the threat of Gangs?”

“တရားဥပဒေစိုးမိုးမှု စပျက်တာက ၁၉၆၄-၆၅ခုနှစ်တွေမှာ ရဲကို အုပ်ချုပ်ရေးဌာနအောက် သွင်းလိုက်ကတည်းက စတာပဲ။”

ဦးရောဘတ်စန်းအောင် - တရားလွှတ်တော်ရှေ့နေ

---

“လူတိုင်းဟာ ဒီနိုင်ငံရဲ့ဥပဒေတွေကို လေးစားလိုက်နာရမယ်။ ကျနော်တို့သတ်မှတ်ထားတဲ့ ဥဒေတွေ၊ ပုဒ်မတွေနဲ့ ငြိစွန်းမှ တရားစွဲတာပါ။ ရာဇသတ်ကြီး တအုပ်လုံးနဲ့ကိုက်အောင် စွဲနေတာတော့ မဟုတ်ဘူး။ ပြည်တွင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး စသဖြင့် ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်”

ဒုတိယရဲမှူးကြီး မြင့်ထွေး - ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး

---

“ဒိတ်ဒိတ်ကြဲအမှုကြီးတွေမှာဆို ရာဇ၀တ်သားတွေနဲ့ ရဲကပေါင်းစားလို့မရဘူး။ ဒီဆွေးနွေးချက်ကို ကန့်ကွက်တယ်။ အရင်ခေတ်က ဟုတ်ချင် ဟုတ်မယ်။ အခုခေတ် ဒီလောက်ပွင့်လင်းလာနေတာ မရတော့ဘူး”

ယုန်လေး - အဆိုတော်၊ သရုပ်ဆောင်

---

“မကြာသေးခင်က မင်္ဂလာဒုံမှာဖြစ်တာဆို အိမ်ကိုဘူဒိုဇာ ၃ လုံးနဲ့ထိုးပြီး အိမ်ပေါ်ကဆင်းပေးရအောင် နည်းမျိုးစုံသုံးပြီး အုပ်စုဖွဲ့လုပ်တယ်။ ပြောချင်တာက ဘယ်လူဆိုးဂိုဏ်းမှ ဘူဒိုဇာမသုံးနိုင်ဘူးဗျ”

ဦးသိမ်းဆန်း - ပြည်သူ့စေတနာ့၀န်ထမ်းအသင်း

---

“ထောင်တွေပြုပြင်ပြောင်းလဲမှု(prison reform) လုပ်ရမယ်၊ လူသတ်မှုတရားခံ ထောင်ထဲရောက်လာရင် သူကထောင်ထဲမှာ ဗိုလ်ပဲ။ ဒီလူဟာ ထောင်ထဲရောက်သွားတော့ လူ့အဖွဲ့အစည်းနဲ့ကင်းကွာသွားပြီ ဒါပေမယ့် သူဟာ ထောင်ကလွတ်တာနဲ့ လူ့အဖွဲ့အစည်းထဲကို ပြန်သွားရမယ့်လူဖြစ်တယ်။ ပြန်သွားတဲ့အခါ သူဘယ်လိုနေထိုင်ရမယ်ဆိုတာ ထောင်က

ပြုပြင်ပေးရမှာ။ အကျဉ်းထောင်က လူမိုက်တွေ၊ လူမိုက်ကိုယ်ပွားလေးတွေ မွေးထုတ်ပေးရာ နေရာမဖြစ်ဖို့ လိုတယ်”

ဦးကျော်စွာ - လူ့အခွင့်အရေးနှင့်ဒီမိုကရေစီဂျာနယ် အယ်ဒီတာ

---

“အုပ်စုဖွဲ့ရာဇဝတ်မှုကျူးလွန်တာ ပြည်သူတွေတင်မဟုတ်ဘူး ရဲတွေလည်း အုပ်စုဖွဲ့ကျူးလွန်တယ်။ ရဲတပ်ဖွဲ့ဟာ ပြည်သူအားကိုးလောက်တဲ့ရဲဖြစ်နေပြီလား မေးချင်တယ်”

ဦးထက်အောင်လင်း - ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်း

---